# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 28, 2022 | Volume 50, Number 19


**၂၈.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၉၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၅.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၂၅၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၄၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရှမ်းပြည်နယ်(တောင်ပိုင်း) ကော်ဖီစိုက်ပျိုးမှုနှင့် ဈေးနှုန်းအခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း) Arabica ကော်ဖီများကို မြို့နယ်အများအပြားတွင် စိုက်ပျိုးလျက်ရှိရာ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၌ ဧက (၇၀၀၀)ကျော် စိုက်ပျိုးထားရှိသည်။ ခူးဆွတ်မှုအနေဖြင့် နိုဝင်ဘာလဆန်းမှ စတင်ခူးဆွတ်ပြီး ဖေဖော်ဝါရီလ၊ မတ်လဝန်းကျင်အထိ ခူးဆွတ်၍ သီးလုံးစိုများကို ဈေးကွက်သို့ ရောင်းချလျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် တောင်သူများထံမှ သီးလုံးအစို(ချယ်ရီသီး) အထူးတန်းကော်ဖီမှာ တစ်ပိဿာလျှင် (၂၂၀၀ မှ ၂၄၀၀) ကျပ်ခန့်ရှိသည်။ အညံ့စားအောက်စမှာ တစ်ပိဿာ (၁၅၀၀)ကျပ်ရှိသည်။ ယခုနှစ်တွင် ယခင်နှစ်ဈေးနှုန်းထက် (၂)ဆခန့်ဖြင့် တောင်သူများထံမှ လုပ်ငန်းရှင်များဝယ်ယူ၍ အခြောက်လှမ်းကြိတ်ခွဲပြီး Green Bean (ခွဲဆံ) များကို တစ်တန်လျှင် သိန်း(၈၀ မှ ၉၀) ခန့်ဖြင့် ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးခြင်း၊ ပြည်ပနိုင်ငံများသို့တင်ပို့ခြင်းနှင့် ဟိုပုံးမြို့နယ် Indigo Mountain တောင်သူအစုအဖွဲ့ကုမ္ပဏီမှ နယ်သာလန်နိုင်ငံသို့ ယခုလအတွင်း တန်ချိန် (၃၆) တန် တင်ပို့ခဲ့ကြောင်းသိရသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်၏ ဇန်နဝါရီလနောက်ဆုံးပတ် ပြောင်းဈေးမြင့်တက်လာ

ဇန်နဝါရီလနောက်ဆုံးပတ် မန္တလေးကုန်စည်ဒိုင်သို့ ပြောင်းဖူးစေ့များအဝင်ပါး၍ လက်ကျန်နည်းပြီး တရုတ်သင်္ဘောတင်ဝယ်လက်၊ ရန်ကုန်ဝယ်လက်နှင့်တိရစ္ဆာန်အစာ တောင့်စက်ရုံများမှ ဝယ်ယူလျှက်ရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။ ပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ရှမ်းပြောင်းဖူးစေ့တစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၇၀၀၀ မှ ၃၇၅၀၀၊ ယခင် တစ်ပတ် ကျပ် ၃၅၅၀၀ မှ ၃၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် တစ်အိတ်ကျပ် ၅၀၀ မှ ၁၅၀၀ မြင့်တက်လာသည်။ စီပီပြောင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ်ကျပ် ၃၇၅၀၀ မှ ၃၈၅၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ် ကျပ် ၃၅၅၀၀ မှ ၃၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ်ကျပ် ၁၅၀၀ မှ ၂၀၀၀ မြင့်တက်လာခဲ့သည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ကချင်ပြည်နယ်၏ ဇန်နဝါရီလ ၁၅ ရက်မှ ၂၁ ရက်နေ့အတွင်း မြန်မာ-တရုတ် ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ပါသည်။ ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများ ရပ်ဆိုင်းထားခဲ့ရာမှ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေး စခန်းမှာ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ ကုန်သွယ်မှုများရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်စ၍ နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်မှ ၂၁ ရက်နေ့များအတွင်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ကြံနှင့် ဧရာတ်သီးများတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏ သည် ၃၁၉၅၃၆ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၆၈၂၀၈၅၅ ဒသမ ၀၃ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၇၁၄၀၃၉၁ ဒသမ ၀၃ ကန်ဒေါ်လာတင်ပို့မှု ရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျောနှင့်ပတ်သက်သောပစ္စည်းဖြစ်သည့် Cargo Container 45' Feet တင်သွင်းမှု ရှိခဲ့ရာ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၇၄၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုအပတ်တွင် သွင်းကုန်တင်သွင်းနိုင်မှုမရှိကြောင်း သိရှိရပါသည်။

မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၆ ယွမ်ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၀ ဒသမ ၈၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုံဌာန**

## သတ်မှတ်ကုန်စည်လိုင်းများကို ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်မှစ၍ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ရာ လိုင်စင်ကြိုတင်လျှောက်ထားလိုပါက ဖေဖော်ဝါရီ ၁ ရက်မှ စတင်လျှောက်ထားနိုင်ကြောင်းကြေညာ



https://news-eleven.com/article/224670

2017 Customs Tariff of Myanmar အရ သတ်မှတ်ကုန်စည်လိုင်းများကို ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ရာ လိုင်စင်ကြိုတင်လျှောက်ထားလိုပါက ဖေဖော်ဝါရီ ၁ ရက်မှ စတင်လျှောက်ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

ပြည်ပမှ တင်သွင်းသည့်ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းအဖြစ် 2017 Customs Tariff of Myanmar အရ HS.Code 6 digit ဖြင့် ကုန်စည် ၄၅၁ လိုင်း သို့မဟုတ် HS.Code 10 digit ဖြင့် ကုန်စည် ၈၂၆ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ သတ်မှတ်ထုတ်ပြန်သော ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၂၀/၂၀၂၂)ဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါသတင်းလွှာ၏ပူးတွဲပါ ကုန်စည်လိုင်းများအား ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သတ်မှတ်ထားရာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် သတ်မှတ်ရက်မတိုင်မီ သွင်းကုန်လိုင်စင်များအား ကြိုတင်လျှောက်ထားလိုပါက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင် လျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP)နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၁၃၆ ဒသမ ၈၇၈ သန်း၊ သွင်းကုန်ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်းရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၉၉၈ ဒသမ ၅၄၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၇၂၁၁ ဒသမ ၀၆၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်းရရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၄၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၆၉၄ ဒသမ ၈၉၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၃၅၇၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

၂၀၁၈ ခုနှစ် Mini Budget တွင် ပို့ကုန်ဒေါ်လာ ၈၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန်ဒေါ်လာ ၉၈၆၇ ဒသမ ၇၈၃ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၇၂၈ ဒသမ ၈၁၅ သန်းရရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ပါဝင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224670

## မွန်ပြည်နယ် နေလှန်းဆားထွက်ရာသီအစတွင် ပေါင်မြို့နယ် ထန်းပင်ချောင်ဆားကွင်းမှ ဆားကြမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀ ဖြင့် ဈေးခေါ်ရောင်းနေ



https://news-eleven.com/article/224688

မွန်ပြည်နယ် နေလှန်းဆားထုတ်ဧက ထက်ဝက်ရှိ ပေါင်မြို့နယ် ထန်းပင်ချောင်ဆားကွင်းမှ ဆားကြမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀ဖြင့် ဇန်နဝါရီ ဒုတိယပတ်တွင် ဈေးခေါ်ရောင်းချကြောင်းသိရသည်။ "ဒီနှစ်ရာသီဦတု၊ နိုင်ငံရေး၊ ကိုဗစ်၊ စက်ဆီဈေးအမြင့်မှာ တစ်ပိဿာ ထုတ်လုပ်စရိတ်က ကျပ် ၇၀ လောက်မှန်းပြီး သူ့ဆားကို ဈေးခေါ်တယ်လို့ယူဆတယ်။ တည်နေရာကလည်း သထုံခရိုင်မှာ လမ်းပန်းလည်းသာ ဈေးကွက်လည်း ရှိပြန်တော့ အရောင်းသွက်နိုင်တယ်။ အရင်းနီးရှိလို့ ရာသီကုန် (ဧပြီ၊ မေ) ထိ ဆက်တောင့်ထားရင် ကျပ် ၁၄၀ လောက် မှန်းနိုင်တော့ ငွေတိုးချထားတာထက်ကိုက်တယ်"ဟု ကျိုက်ထိုမြို့နယ်ဝါရင့်ဆားကုန်သည်က ပြောကြားသည်။

မွန်ပြည်နယ်တွင် ဒုတိယအများဆုံး ဆားလုပ်ဧကများသည့် သံဖြူဇရပ်မြို့နယ်တွင် ဆားဖိုပိုင်များအနေနှင့် လုပ်သားရှင်း ရန်ငွေရင်းနည်း၍ငွေပေါ်ရောင်းချနေမှုကြောင့် တစ်ပိဿာကျပ် ၈၀ နှင့် ရောင်းချနေသော်လည်း ဆားကြမ်းသုံးလုပ်ငန်းများ ကိုဗစ်ကာလ၊ နိုင်ငံရေးအခြေနေတို့ကြောင့် သွက်လက်မှုမရှိခြင်း၊ သယ်ယူစရိတ်ဆီဈေးမြင့်ကာ အစစအရာရာ ချွေတာသုံးစွဲနေမှုများကြောင့် ဆားကြမ်းဈေးတက်ရန်မရှိကြောင်း ခန့်မှန်းမှုများရှိနေကြသည်။

ယခုနှစ် လာနီညာရာသီဥတု သက်ရောက်၍ ဖျက်မိုးများရွာမည်ဟုခန့်မှန်းထားကာ ဆားဖိုပိုင်ရှင် ဆက်စပ်လုပ်သားများ အနေနှင့် အထူးဂရုပြုရမည့်နှစ်ဖြစ်ကြောင်း မွန်ပြည်နယ် ဆားစက်လုပ်ငန်းရှင်များကသုံးသပ်သည်။

**Source:** https://news-eleven.com/article/224688

## ပခုက္ကူသီးနှံဈေးကွက်အတွင်း ပဲစင်းငုံဈေး ပြန်လည်ကျဆင်းလာပြီး တစ်တင်းလျှင် ကျပ် ၄၁၂၀၀ ပေါက်ဈေးရှိ



https://news-eleven.com/article/224686

ပခုက္ကူသီးနှံဈေးကွက်အတွင်း ဇန်နဝါရီလလယ်ပိုင်းက မြင့်တက်ခဲ့သည့် ပဲစင်းငုံသီးနှံမှာ ယခုလကုန်ပိုင်းတွင် ဈေးနှုန်း ပြန်လည်ကျဆင်းလာပြီး ဇန်နဝါရီ၂၇ ရက်တွင် တစ်တင်း ကျပ် ၄၁၂၀၀ ပေါက်ဈေးရှိကြောင်း ပခုက္ကူကုန်စည်ဒိုင် ဈေးကွက်အရ သိရသည်။

ပဲစင်းငုံသီးနှံမှာ ဇန်နဝါရီ ၂၂ ရက်တွင် ပခုက္ကူဈေးကွက်၌ တစ်တင်းလျှင် ကျပ် ၄၅၁၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီးနောက် ဈေးနှုန်း ပြန်လည်ကျဆင်းလာရာ ၂၃ ရက်တွင် ကျပ် ၄၄၅၀၀ ၊ ၂၅ ရက်တွင် ကျပ် ၄၃၁၀၀ ၊ ၂၆ ရက်တွင် ကျပ် ၄၂၈၀၀ တို့ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

ပဲစင်းငုံသီးနှံအား အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူနေပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်းနှင့် လက်ရှိဈေးနှုန်းအရ တောင်သူများ ပြန်လည်စိုက်ပျိုးသင့်ကြောင်း ကုန်သည်နှင့် တောင်သူများထံမှသိရသည်။ “ပဲစင်းငုံက ဒီနှစ်စကတည်းက တက်နေတာ။ နှစ်သောင်းကျော်လောက်ကနေစတာမှာ တဖြည်းဖြည်းချင်း တက်သွားတယ်။ အိန္ဒိယကို ပို့နေရတော့ ပို့ရမဲ့ရက်အမီဝယ်ကြတယ်။ ဈေးလည်းတက်သွားတယ်။ အခုဈေးနည်းနည်း ပြန်ကျသွားတယ်ဆိုတာလည်း သူ့ရက်အလိုက် နည်းနည်းချင်းကျသွားတာပါ။ ပဲစင်းငုံဈေးကွက်က အလားအလာကောင်းပါတယ်။ လက်ရှိဈေးကလည်း တောင်သူအကျိုးအမြတ်များတယ်”ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

ပခုက္ကူသီးနှံဈေးကွက်တွင် ယခုဇန်နဝါရီ လကုန်ပိုင်း၌ နှမ်းမျိုးစုံမှာလည်း အမြင့်ဈေးဖြင့် ဆက်လက်ရောင်းဝယ်နေပြီး နှမ်းနက်စမုန် ရှယ်တစ်တင်း ကျပ် ၇၂၀၀၀ – ၇၃၀၀၀ ၊ စမုန် ပုံမှန်တစ်တင်း ကျပ် ၄၅၀၀၀ – ၇၀၀၀၀ နှင့် ဂွနက်တစ်တင်း ကျပ် ၄၇၀၀၀–၄၈၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224686

## အိန္ဒိယက သခွားသီးနှင့်သခွားသီးချဥ်ဖတ်များ ပြည်ပသို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာ




https://mizzimaburmese.com/article/97648

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သခွားသီးနှင့်သခွားသီးချဥ်ဖတ်များ ပြည်ပသို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာကာ ဧပြီလမှအောက်တိုဘာလ အတွင်း အဆိုပါသီးနှံ ၁၂၃၈၄၆ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၄ သန်းရရှိခဲ့သည်။

ယမန်နှစ် တစ်နှစ်လုံးအတွင်း သခွားသီးချဥ်ဖတ်တင်ပို့မှုမှ ရရှိငွေသည် အမေရိကန်ဒေါ်လာသန်း ၂၀၀ ရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သခွားသီး နှင့် သခွားသီးချဥ်ဖတ် တန်ချိန် ၂၂၃၅၁၅ တင်ပို့ခဲ့ရာမှ ဒေါ်လာ ၂၂၃ သန်း ဝင်ငွေရရှိခဲ့သည်။

စိုက်ပျိုးရေးနှင့်ပြုပြင်ထားသည့် စားသောက်ကုန်များ ပြည်ပတင်ပို့မှု တိုးတက်ရေးအာဏာပိုင်အဖွဲ့ (APEDA) သည် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် ထုတ်ကုန်တိုးမြှင့်ရေး အစီအစဉ်အများအပြားကို အကောင်အထည်ဖော်ခဲ့သလို ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်ထုတ်လုပ်မှု ဝန်ကြီးဌာန လက်အောက်မှ ကူးသန်းရောင်းဝယ်ရေးဌာန၏ညွှန်ကြားချက်အရ စားသောက်ကုန်များ ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲသည့်စနစ်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။

သခွားသီးများနှင့် ဗီနီဂါသို့မဟုတ် အက်ဆစ်တစ်အက်ဆစ်ဖြင့် ပြုပြင်ထားသည့် သခွားချဉ်များအား ပြည်ပသို့ တင်ပို့ခြင်းကို ကာနာတာကာပြည်နယ်တွင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းက စတင်ခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ တမီးလ်နာဒူး၊ အန်ဒရာပရာဒေ့ရှ်နှင့် တီလန်ဂါနာပြည်နယ်များတွင်လည်း လုပ်ဆောင်လာကာ အိန္ဒိယ၏ ကမ္ဘာ့သခွားချဉ်ဈေးကွက်၏ ၁၅ ရာခိုင်နှုန်း နီးပါးကို တင်ပို့ရောင်းချလျက်ရှိသည်။

အိန္ဒိယတွင် ချဉ်ဖတ်ထည့်သည့် သခွားသီးစိုက်ပျိုးသော အသေးစားလယ်လုပ်ငန်းရှင် ၉၀၀၀၀ ခန့်က နှစ်စဉ် ၆၅၀၀၀ ဧက စိုက်ပျိုးကြသည်။ ချဉ်ဖတ်ထည့်ထားသည့် သခွားသီးများကို စက်မှုကုန်ကြမ်းအဖြစ်လည်းကောင်း၊ အသင့်စားသုံးရန် အစားအစာအဖြစ် ခရားများအတွင်းထည့်၍လည်းကောင်း ရောင်းချကြသည်။ အိန္ဒိယတွင် သခွားချဉ်များကို စည်ပိုင်းများဖြင့် လည်းကောင်း၊ အသင့်စားသုံးနိုင်သည့် အထုပ်များဖြင့်လည်းကောင်း ထုတ်လုပ်၍ ပြည်ပသို့တင်ပို့သည့် လုပ်ငန်းကြီး ၅၁ ခုနီးပါးရှိသည်။ ပြုပြင်ထားသည့် ဟင်းသီးဟင်းရွက်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရာတွင် အခြေခံအဆောက်အအုံမြှင့်တင်ရေး၊ သခွားချဉ်များ အရည်အသွေးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုရောက်ရှိရေးနှင့် ထုတ်လုပ်မှုအဆင့်များတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ဆောင်သည့်စနစ်များ အကောင်အထည်ဖော်ရေးတို့တွင် APEDA က အကူအညီပေးလျက်ရှိသည်။

သခွားချဉ်စိုက်ပျိုးသည့် လယ်သမားတစ်ဦး၏ တစ်နှစ်လျှင် တစ်ဧကပျမ်းမျှထုတ်လုပ်မှုမှာ မက်ထရစ် ၄ တန်ဖြစ်ပြီး ဝင်ငွေအားဖြင့် ရူပီး ၈၀၀၀၀ (ဒေါ်လာ ၁၀၇၅ ဒသမ ၇၇) ရရှိကာ အသားတင်အမြတ် ရူပီး ၄၀၀၀၀ (ဒေါ်လာ ၅၃၇ ဒသမ ၈၈) ရှိသည်။ သခွားချဉ်သည် စိုက်ပျိုးပြီး ရက်၉၀ အကြာတွင် ခူးယူရောင်းချနိုင်ပြီး ၁ နှစ်လျှင် ၂ ကြိမ် ခူးယူနိုင်သည်။ နိုင်ငံတကာမှ ဝယ်ယူသူများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် နိုင်ငံတကာထုတ်လုပ်မှုစံနှုန်းများကိုလည်း ဆောင်ရွက်ထားရသည်။

**Source:** https://mizzimaburmese.com/article/97648

## ဂျာမနီနိုင်ငံ Federation of German Whole sale, Foreign trade and Services (BGA) နှင့် စီးပွားရေးသံမှူးတို့ အွန်လိုင်းမှတွေ့ဆုံဆွေးနွေးခြင်း

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ Federation of German Whole sale, Foreign trade and Services (BGA) မှ Head of Agriculture and Food Industry Department ဖြစ်သူ Mr. Sebastian Werren နှင့် ၂၆.၁.၂၀၂၂ ရက်နေ့တွင် အွန်လိုင်းအစည်းအဝေး(Zoom)ပြုလုပ်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက BGA အနေနှင့် အသင်းအဖွဲ့များစွာနှင့် ကွန်ယက်ချိတ်ဆက်ပူးပေါင်းခြင်း၊ အဖွဲ့ဝင်များအတွက် လိုအပ်သည့်စီးပွားရေး၊ ကုန်သွယ်ရေးပိုင်းမူဝါဒများနှင့် သတင်းအချက်အလက်များ ပံ့ပိုးမှုများပေးခြင်းတို့ကို ဆောင်ရွက်နေသည်ကို သိရှိထားပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များ ထွက်ရှိတင်ပို့နေ သည့် နိုင်ငံဖြစ်ကြောင်း၊ လိုအပ်သည့်ချိတ်ဆက်မှုများအတွက် ပံ့ပိုးပေးစေလိုကြောင်းပြောဆိုဆွေးနွေးပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နှင့်စားသောက်ကုန်များကို Presentation အကျဉ်းချုပ် ပြုလုပ်ရှင်းလင်းပါသည်။ Mr. Sebastian Werren က BGA မှ Regional Associations နှင့် Trade Associations စသည်တို့အတွက် Umbrella Association တစ်ခုအနေဖြင့်ဆောင်ရွက်နေမှု၊ စီးပွားရေးလုပ်ငန်းများလုပ်သာကိုင်သာရှိစေရန် အစိုးရသို့ မူဝါဒပိုင်း၊ ဥပဒေရေးရာ အကြံပြုသုံးသပ်ချက်များ၊ အီးယူဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်များစသည်အတွက်တင်ပြခြင်းနှင့် လိုအပ်ပါက German Chamber of Commerce (DIHK) နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အကျဉ်းရှင်းလင်းပြီး၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များမှာ စိတ်ဝင်စားဘွယ်ဖြစ်ကြောင်း၊ BGA အဖွဲ့ဝင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများအနက် မြန်မာ့စိုက်ပျိုးရေးနှင့်စားသောက်ကုန်များကို စိတ်ဝင်စားနိုင်သည့် အဖွဲ့အစည်းများရှိနိုင်ကြောင်း၊ မြန်မာ့ထုတ်ကုန်များအတွက် အီးယူဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များနှင့် ကိုက်ညီရန်လည်းလိုအပ်ကြောင်း၊ ထုတ်ကုန်အချက်အလက်များကို အီးမေးဖြင့်ထပ်မံပေးပို့စေလိုပြီး လိုအပ်သည့်ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ဆွေးနွေးပွဲပြီးနောက် ထုတ်ကုန်အချက်အလက်များကို Mr. Sebastian Werren သို့ပေးပို့ခဲ့ပြီး ၎င်းဘက်မှလည်း ဆက်သွယ်ရမည့် အသင်းအဖွဲ့များကို ပြန်လည်ပေးပို့ထားပြီးဖြစ်ပါသည်။ BGA သည် ဂျာမနီနိုင်ငံရှိ Whole sale၊ Foreign trade နှင့် B2B Services ကဏ္ဍများရှိ ကုမ္ပဏီပေါင်း(၁၅၀၀၀၀)ကျော်အတွက် ကိုယ်စားပြုဆောင်ရွက်နေပြီး Regional Association (၂၃)ခုနှင့် Trade Association (၄၀)ခုတို့မှာ BGA အဖွဲ့ဝင်များအဖြစ် ကွန်ယက်ချိတ်ဆက် ဆောင်ရွက်ထားရှိပါသည်။ BGA ရုံးချုပ်ကို ဘာလင်မြို့တွင်ဖွင့်လှစ်ထားရှိပြီး ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့တွင်လည်း ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိပါသည်။

**Source: သီတာဝင်းငွေ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

## သမ္မတ Ramaphosa က တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးပြန်လည်စတင်နိုင်မှုကို အထောက်အကူပြုစေရန် ကိုဗစ်ရောဂါကာကွယ်ဆေးမထိုးမနေရ မူဝါဒကို ချမှတ်ရန်တိုက်တွန်းခြင်း

တောင်အာဖရိကနိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သော African National Congress(ANC) ပါတီသည် ကိုဗစ်ရောဂါကြောင့်ထိခိုက်နေသည့် နိုင်ငံ၏စီးပွားရေးအား အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ရန်အတွက် ကိုဗစ်ရောဂါကာကွယ်ဆေးကို မဖြစ်မနေ ထိုးနှံရန် လိုအပ်သည့်မူဝါဒအား နောက်ဆုံးအပြီးသတ်ဆုံးဖြတ်နိုင်ရန် အစိုးရသို့တောင်းဆိုထားကြောင်း၊ နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်ပြီး အောင်မြင်နိုင်မှုသည် ကိုဗစ်ရောဂါအား ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မည့် စီမံခန့်ခွဲမှုများအပေါ်တွင်များစွာ မူတည်နေမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင်လည်း ကိုဗစ်ရောဂါပိုးသည် လူများနှင့်အတူ ဆက်လက်တည်ရှိနေမည့် အခြေအနေတွင်တွေ့မြင်နေရကြောင်း ANC ပါတီကို ဦးဆောင်နေသည့် တောင်အာဖရိကနိုင်ငံသမ္မတ Cyril Ramaphosa ကပါတီ၏ ၁၁၀ ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားတွင်ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ပြည့်နှစ် အတွင်းလွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း အဆိုးရွားဆုံးထိခိုက်ခဲ့ကြောင်း၊ထို့အပြင် ကိုဗစ်ရောဂါဖြစ်ပွားသဖြင့် Lockdown ကန့်သတ်ချက်များချမှတ်ခဲ့ရမှုကြောင့် စီးပွားရေးလုပ်ငန်းများပိတ်ခဲ့ရခြင်း၊ ကုန်သွယ်မှုများရပ်တန့်ခဲ့ခြင်းနှင့် အခွန်ဘဏ္ဍာလျော့နည်းရရှိမှုများကြောင့် အလုပ်လက်မဲ့များမှုနှုန်းသည်လည်း မှတ်တမ်းတင် ၃၅ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် ဒီဇင်ဘာလမှစတင်၍ ကိုဗစ်ရောဂါကာကွယ်ဆေးအပြည့်အဝထိုးပြီးသော လူကြီး ၄၅ ရာခိုင်နှုန်းအား ကိုဗစ်ရောဂါကာကွယ်ဆေး Booster ထိုးပေးမှုအား စီစဉ်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံ အစိုးရအနေဖြင့် ကိုဗစ်ရောဂါဖြစ်ပွားနေမှုကာလအတွင်း အလုပ်လက်မဲ့များအား ယာယီလူမှုကူညီရေးအကူအညီဖြင့် ငွေကြေးများထောက်ပံခဲ့ကြောင်း၊ သို့သော် အဆိုပါအစီအစဉ်အား လာမည့်မတ်လတွင် ရပ်တန့်မည်ဖြစ်သဖြင့် ANC ဝန်ကြီးများနှင့်ပညာရှင်များက မညီမျှမှုအများဆုံးဖြစ်ပေါ်နေသော လူမှုအဖွဲ့အစည်းများအတွက် ထာဝရအခြေခံငွေကြေး ထောက်ပံ့မှုအစီအစဉ်အား ဆက်လက်ဆောင်ရွက်ပေးသွားနိုင်ရန် အဆိုပြုခဲ့ကြောင်း ၊ သို့သော် လက်ရှိကာလကျပ်တည်းနေသည့်ဘဏ္ဍာရေးအခြေအနေကြောင့် ဆက်လက်ထောက်ပံ့ပေးသွားရန် အခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် သမ္မတ Ramaphosa က အလုပ်လက်မဲ့များနှင့် ဆင်းရဲသူများအားထိုက်သင့်သည့် ဝင်ငွေအထောက်အပံ့အား ရေရှည်ပံ့ပိုးပေးသွားနိုင်ရေး စီစဉ်ပေးရန်လိုအပ်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်ကို သိရှိရပါသည်။

**Source:** **https//www.news24,com/fin24/economy/south-africa/ramaphosa-urges-vaccine-mandate-to-help-restart-econ0my-20220108**

**ကျော်ဆန်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တောင်အာဖရိက)**

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း



Photo: Thai Economic Attache

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဗန်ကောက်မြို့နှင့်အနီး ပတ်ဝန်းကျင်ရှိပြည်နယ်များတွင် စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ၏ဈေးနှုန်းမြင့်တက်မှုကို စစ်ဆေးသွားရန်အတွက် စောင့်ကြည့်ရေးအဖွဲ့(၅၅)ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းသိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam ၏အဆိုအရ စောင့်ကြည့်ရေး အဖွဲ့များအနေဖြင့် ဈေးနှုန်းကဒ်ပြား မချိတ်ထားသော ကုန်သည်များနှင့်ကျိုးကြောင်းဆီလျော်မှုမရှိဘဲ၊ မျှတမှုမရှိဘဲမတရား ဈေးနှုန်းမြှင့်တင်ရောင်းချသူများအား တရားဥပဒေအရ ချက်ခြင်းအရေးယူဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းသိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် နည်းပါးသောဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် သောင်ဖာ (Thong Fah) Blue Flag ဆိုင်များအားလည်း စားသုံးသူများအပေါ် အခွင့်အရေးယူ၍ ဈေးနှုန်းမြင့်တင်ရောင်းချနေကြောင်းတွေ့ရှိပါက လုပ်ငန်းပါဝင်ဆောင်ရွက်ခွင့်ကို ပြန်လည်ရုတ်သိမ်းသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်နယ်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများအနေဖြင့် ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များအား ပြည်နယ်ရှိမွေးမြူရေး အရာရှိများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ထမ်းအရာရှိများနှင့် ပူးပေါင်းဖွဲ့စည်း၍ ကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ထောက်ပံ့ရေးပစ္စည်းများ၏ ဈေးနှုန်းများအား အနီးကပ်စစ်ဆေးကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့်ယခုလအစောပိုင်းက မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဈေးနှုန်းမြင့်တက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန်အဖွဲ့များ ဖွဲ့စည်းခဲ့ကြောင်းသိရှိရပါသည်။ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အဆိုပါအဖွဲ့များအနေဖြင့် ဈေးနှုန်းကြီးမြင့်မှုအတွက် တိုင်ကြားမှုများကို ကိုင်တွယ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အား စားသုံးသူများ အပေါ်အခွင့်အရေးယူပြီး ဈေးနှုန်းမြှင့်တင်ရောင်းချသည့် ကုန်သည်များအား ဥပဒေအရ အရေးယူဆောင်ရွက်သွားရန် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်ကနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ၁၉၉၉ ခုနှစ် ကုန်စည်နှင့်ဝန်ဆောင်မှုများ အက်ဥပဒေအရ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သွားရန် လုပ်ပိုင်ခွင့်များပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။ Mr. Wattanasak Sur-iam ၏အဆိုအရ တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း အချို့သောကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ယခုလအစောပိုင်းတွင်မွေးမြူရေးခြံများ၏ ခြံထွက်ဝက်သားဈေးနှုန်းအနေဖြင့် တစ်ကီလိုဂရမ်လျှင် (၁၁၀)ဘတ်မှ(၁၀၄)ဘတ်သို့ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ပွဲတော်ကာလအတွင်း စားသုံးသူများအနေဖြင့် ဘုရားကိုပူဇော်ရန်အတွက် လပ်ဆတ်သည့်စားသောက်ကုန်များကိုပိုမိုသုံးစွဲကြမည်ဖြစ်ပါသည်။ ဝယ်လိုအားတိုးတက်လာသော်လည်း များစွာသောကုန်စည်များ၏ ဈေးနှုန်းကိုထိန်းသိမ်းထားခဲ့ကြောင်းနှင့် ဈေးနှုန်းအနည်းငယ်သာမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝက်မွေးမြူသူများအသင်း၊ ဝက်သတ်ရုံများနှင့်တွေ့ဆုံ၍ မွေးမြူရေးခြံထွက်ဝက်သားဈေးနှုန်းကိုတစ်ကီလိုဂရမ်လျှင် (၁၀၀-၁၁၀)ဘတ်ဖြင့် ထိန်းသိမ်းထားရန် ဆွေးနွေးခဲ့ပြီးနောက် ဝက်သားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် လူအများ၏ လူနေမှုကုန်ကျစရိတ်ကို သင့်တော်သောအဆင့်တွင် ထိန်းသိမ်းထားပေးရန် ခေတ်မီကုန်တိုက်ကြီးများကိုလည်း ဝက်သားနီ (red pork) လက်လီဈေးနှုန်းကိုတစ်ကီလိုဂရမ်လျှင်(၂၀၅-၂၁၀) ဘတ်ဈေးနှုန်းဖြင့်ထိန်းသိမ်းထားပေးရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (28.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 180 | 1,458,000 | 33,109,694 | 268,189 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,000 | 3,050 | 2,950 | 7,833 | 23,494,750 | 38,929,150 | 118,734 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 19,500 | -500 | -2.50% | 19,500 | 19,500 | 19,500 | 92 | 1,794,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 19,977,223 | 58,933 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


## Market summary

As of 28th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.74 | -1.83 | -0.48% | 381.62 | 382.74 | 380.51 | 8,105 | 26,746,750 | 7 | 665,829 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 28th Jan. 2022

| MYANPIX | 382.74 ▼ 1.83 |
|---|---|
| Total Volume (shares) | 8,105 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,829 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 19,500 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,950 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |